# ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်( ၂၈ /၂၀၂၂ )

| | |
|---|---|
| အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅)ဦး<br>ရွှေလရောင်အဆောင်၊ အပြင်ပဒ်၊<br>လှိုင်သာယာမြို့နယ်။ ၀၉ – ၇၉၉ ၅၆၁ ၀၉၄ | နစ်နာ၍တောင်းဆိုသူ |

နှင့်

| | |
|---|---|
| Mr. Wang Jiun Hun ( အလုပ်ရှင် )<br>Myanmar Rui Xin Shoes Co.,Ltd<br>( ဖိနပ်စက်ရုံ )<br>Mrs. Xiao Min ( မန်နေဂျာ )<br>( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )<br>မြေအမှတ်(E-6,8)၊ မြစ်ပယ်လမ်း၊ မြစိမ်းရောင်စက်မှုဇုန်၊<br>လှိုင်သာယာမြို့နယ်။ ၀၉ – ၇၉၈ ၃၇၇ ၄၀၆ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ ဇွန် လ ၂၁ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်စက်မှုဇုန်၊ မြစ်ပယ်လမ်း၊ အမှတ်(E-6,8)ရှိ Myanmar Rui Xin Shoes Co.,Ltd ( ဖိနပ်စက်ရုံ )မှ အလုပ်ရှင် Mr. Wang ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ Mrs. Xiao Min(မန်နေဂျာ)နှင့် အလုပ်သမား ဒေါ်သင်းသင်းနုပါ(၅)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့သည် တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ယခုအငြင်းပွားမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြစ်မိုးရောင်စက်မှုဇုန်၊ မြစ်ပယ်လမ်း၊ အမှတ်(E-6,8)ရှိ Myanmar Rui Xin Shoes Co.,Ltd ( ဖိနပ်စက်ရုံ )၊ အလုပ်ရှင် Mr. Wang Jiun Hun နှင့် All Super ဒေါ်သင်းသင်းနုပါ (၅)ဦးတို့အကြား ၁၅-၃-၂၀၂၁ ရက်နေ့မှ ၁-၂-၂၀၂၂ ရက်နေ့အထိ လုပ်ငန်းယာယီပိတ်ထားခဲ့ပြီး ၁-၂-၂၀၂၂ ရက်နေ့တွင် စက်ရုံပြန်လည်ဖွင့်လှစ်လုပ်ကိုင်ခဲ့သော်လည်း All Super ဒေါ်သင်းသင်းနုပါ (၅)ဦးအား အလုပ်ပြန်လည်ခေါ်ယူခြင်း မရှိသည့်အတွက် ဥပဒေနှင့်အညီဆောင်ရွက်ပေးပါရန် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တင်ပြတိုင်ကြားခဲ့ရာ လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၅)ကြိမ်တိုင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ထံ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက်** ။ တောင်းဆိုသူ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅)ဦးအား အလုပ်ပြန်လည်ခန့်ထားပေးရန် သင့် / မသင့်နှင့် ကြားကာလနစ်နာကြေးပေးရန် သင့် / မသင့်။

**တွေ့ရှိချက်**

၄။ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅)ဦးသည် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ စတင်တိုင်ကြားစဉ်က အလုပ်သမား (၂၄)ဦးဖြစ်ပြီး (၁၉)ဦးမှာ တိုင်ကြားစာမှ နှုတ်ထွက်သွားသည့်အတွက် ဒေါ်သင်းသင်းနုပါ (၅)ဦးသာ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ အဆုံးအဖြတ်ခံယူရန် တက်ရောက်လာခြင်းဖြစ်ပါသည်။

၅။ အလုပ်သမား (၅)ဦးကိုယ်စား All Super ဒေါ်သင်းသင်းနုမှ ထွက်ဆိုတင်ပြရာတွင် Myanmar Rui Xin Shoes Co.,Ltd ( ဖိနပ်စက်ရုံ )တွင် အလုပ်သမား ဒေါ်သင်းသင်းနုသည် All Super ရာထူးဖြင့်လည်းကောင်း၊ အလုပ်သမား ဒေါ်အေးအေးအောင်နှင့် ဒေါ်ညိုညိုဌေးသည် Leader ရာထူးဖြင့်လည်းကောင်း၊ အလုပ်သမား ဒေါ်မိုးမိုးအောင်နှင့် ဒေါ်ခင်မိုးအေးသည် Super ရာထူးဖြင့်လည်းကောင်း အသီးသီးအလုပ်ဝင်ရောက် လုပ်ကိုင်ခဲ့ကြပါကြောင်း၊ Myanm-ar Rui Xin Shoes Co.,Ltd( ဖိနပ်စက်ရုံ )ကို ၁၅-၃-၂၀၂၁ ရက်နေ့မှစ၍ လုပ်ငန်းယာယီပိတ်သိမ်းမှုအား အလုပ်သမားများကိုယ်စား Super ၊ Leader တို့ဖြင့် ယာယီရပ်နားခြင်းဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း၊ မိမိအနေဖြင့် မန်နေဂျာမှတဆင့် သိခဲ့ရ

ပါကြောင်း၊ ယာယီပိတ်ပြီး ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် သင်္ကြန်ပိတ်ရက်မုန့်ဖိုးအဖြစ် တစ်ဦးလျှင်ငွေ ကျပ် ၄၈,၀၀၀/- ပေးခဲ့ပါကြောင်း၊ သင်္ကြန်ပိတ်ရက်မုန့်ဖိုးပေးစဉ်တွင် အလုပ်သမားများက စက်ရုံကို မည်သည့်နေ့ပြန်ဖွင့်မလဲဟု မေးသည့်အခါတွင် မပြောပြခဲ့ပါကြောင်း၊ ပြန်ဖွင့်မည်ဆိုလျှင် တစ်လကြိုတင် အကြောင်းကြားမည်ဟု ပြောကြားခဲ့ပါကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်တယ်လီဖုန်းနံပါတ်များပေးခဲ့ပါကြောင်း၊ စက်ရုံသို့ တယ်လီဖုန်းဖြင့် All Super တစ်ဦးထံမေးမြန်းမှ စက်ရုံသည် ၁-၂-၂၀၂၂ ရက်နေ့မှစ၍ ပြန်လည်ဖွင့်လှစ်လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ စက်ရုံယာယီမပိတ်ခင်က မိမိတစ်ဦးသာ All Super ဖြစ်ပြီး ယခုပြန်ဖွင့်သည့်အခါတွင် Super ရာထူးမှ All Super သို့ ရာထူးတက်သူ (၂)ဦးရှိပါကြောင်း၊ စက်ရုံပြန်ဖွင့်ပြီး မိမိတို့အား စက်ရုံမှ ခေါ်ယူခြင်းမရှိ၍ ၂၀၂၂ ခုနှစ်၊ ဧပြီလတွင် စက်ရုံသို့ ဖုန်းဖြင့်ဆက်သွယ်သည့်အခါတွင် သင်္ကြန်ပြီးမှဆက်သွယ်ရန် ပြောကြားခဲ့ပါကြောင်း၊ မိမိနှင့်အတူ တိုင်ကြားသူ (၄)ဦးတို့မှလည်း စက်ရုံသို့ သွားရောက်သည့်အခါတွင် အလုပ်ပြန်လည်ခန့်ထားခြင်းမရှိဘဲ ပြန်ဆက်သွယ်မည်ဟုသာ ပြောကြားခဲ့ပါကြောင်း၊ သို့သော် စက်ရုံမှ ဆက်သွယ်လာခြင်းမရှိသည့်အတွက် ၂၉-၄-၂၀၂၂ ရက်နေ့တွင် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ပါကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အကြိမ်ကြိမ်ညှိနှိုင်းစဉ် နောက်ဆုံးအကြိမ်တွင် အလုပ်ရှင်က မိမိတို့ (၅)ဦးအား မူလနေရာ၊ မူလရာထူး၊ မူလလစာတို့ဖြင့် အလုပ်ပြန်ခန့်ပေးမည်ဖြစ်ကြောင်း၊ ကြားကာလနစ်နာကြေးအနေဖြင့် ဒေါ်သင်းသင်းနှင့် ဒေါ်အေးအေးအောင်တို့အား OT မပါ နောက်ဆုံးထုတ်လစာ တစ်လစာပေးမည်ဖြစ်ကြောင်း၊ ဒေါ်ညိုညိုငွေ၊ ဒေါ်မိုးမိုးအောင်နှင့် ဒေါ်ခင်မိုးအေးတို့အား ထောက်ပံ့ကြေးအဖြစ် တစ်ဦးလျှင်ငွေ ကျပ် ၂၀၀,၀၀၀/- ပေးမည်ဖြစ်ကြောင်းညှိနှိုင်းရာ သဘောတူလက်ခံခဲ့ပြီး အလုပ်ရှင်က အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနသို့ တိုင်ကြားထားသော တိုင်ကြားစာအား ရုပ်သိမ်းပေးရန်ပြောကြားခဲ့ရာ မိမိတို့က ရုပ်သိမ်းပေးခြင်းမရှိခဲ့၍ ခုံသမာဓိအဖွဲ့သို့ တက်ရောက်လာခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းပြထွက်ဆိုထားပါသည်။

၆။ အလုပ်ရှင်၏ကိုယ်စား စက်ရုံမန်နေဂျာ Mrs. Xiao Min မှ ထွက်ဆိုရာတွင် Myanmar Rui Xin Shoes Co.,Ltd ( ဖိနပ်စက်ရုံ )ကို ၁၅-၈-၂၀၁၉ ရက်နေ့တွင် စတင်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပြီး အလုပ်သမား ကျား (၄)ဦး၊ မ (၈၇)ဦး၊ စုစုပေါင်း (၉၁)ဦးရှိပြီး အားကစားဖိနပ်များ ထုတ်လုပ်သော စက်ရုံဖြစ်ပါကြောင်း၊ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅)ဦးတို့သည် စက်ရုံ၏ဝန်ထမ်း

များဖြစ်ပါကြောင်း၊ စက်ရုံယာယီပိတ်ရခြင်းမှာ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းဖြစ်ပွားမှုကြောင့် ၂၅-၉-၂၀၂၀ ရက်နေ့မှ ၁၅-၁၀-၂၀၂၀ ရက်နေ့အထိလုပ်ငန်းရပ်နားပြီး ကိုဗစ်လမ်းညွှန်ချက်ဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့သော်လည်း နိုင်ငံရေးအခြေအနေကြောင့် အလုပ်သမားများ လုပ်ငန်းခွင် ဝင်ရောက်ခြင်း မရှိသည့်အတွက် ၁၅-၃-၂၀၂၁ ရက်နေ့မှစ၍ ယာယီပိတ်သိမ်းခဲ့ပါကြောင်း၊ စက်ရုံယာယီပိတ်သိမ်းမည့်သဘောတူညီမှုတွင် Super ဒေါ်မိုးမိုးအောင်၊ ဒေါ်ခင်မိုးအေးနှင့် Leader ဒေါ်ညိုညိုဌေးတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ All Super ဒေါ်သင်းသင်းနုနှင့် Leader ဒေါ်အေးအေးအောင်တို့ မပါဝင်ခဲ့ကြောင်း၊ သကြန်ပိတ်ရက်တွင် အလုပ်သမားတစ်ဦးလျှင် တစ်ပြေးညီမုန့်ဖိုးငွေ ကျပ် ၄၈,၀၀၀/- ပေးခဲ့ပါကြောင်း၊ စက်ရုံမှ ၁-၂-၂၀၂၂ ရက်နေ့တွင် ဝန်ထမ်းအားလုံးကို ဆက်သွယ်ခဲ့ပါကြောင်း၊ သို့သော် ယခုတိုင်ကြားသူ All Super ဒေါ်သင်းသင်းနုပါ (၅)ဦးတို့ကို ဆက်သွယ်ခဲ့ခြင်း မရှိပါကြောင်း၊ စက်ရုံဖွင့်ခြင်းသည် လိုင်းအားလုံးကို ဖွင့်လှစ်ခြင်းမဟုတ်ပါကြောင်း၊ တစ်ဖြည်းဖြည်း တစ်လိုင်းပြီးတစ်လိုင်း ဖွင့်လှစ်လုပ်ကိုင်နေခြင်းကြောင့် ခေါင်းဆောင်များကို ပြန်လည်ခေါ်ယူ မဆက်သွယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅)ဦးအား အလုပ်ပြန်လည်ခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ ကြားကာလ နစ်နာကြေးနှုန်းထားအဖြစ် ဒေါ်သင်းသင်းနုနှင့် ဒေါ်အေးအေးအောင်တို့အား ယခင်ညှိနှိုင်းစဉ် OT မပါ နောက်ဆုံးထုတ်လစာဖြင့် ပေးမည်ဖြစ်ပါကြောင်းနှင့် အလုပ်သမား ဒေါ်ညိုညိုဌေး၊ ဒေါ်မိုးမိုးအောင်နှင့် ဒေါ်ခင်မိုးအေးတို့အား ထောက်ပံ့ကြေးအဖြစ် ညှိနှိုင်းထားသောငွေ ကျပ် ၂၀၀,၀၀၀/- အား မပေးလိုဘဲ အလုပ်ပြန်လည်ခန့်မည်ဖြစ်ပါကြောင်း တင်ပြထွက်ဆိုထားပါသည်။

သုံးသပ်ချက်

၇။ အလုပ်ရှင်၊ အလုပ်သမားတို့၏ ထွက်ဆိုချက်များအရ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅)ဦးတို့၏ ရာထူး၊ လစာ၊ အလုပ်ဝင်ရက်စွဲများ ကိုက်ညီမှုရှိကြောင်း သုံးသပ်ရရှိပါသည်။

၈။ အလုပ်ရှင်သည် အလုပ်သမား ဒေါ်သင်းသင်းနုပါ(၅)ဦးတို့အား အလုပ်မှထုတ်ပယ်ခဲ့ခြင်း မဟုတ်ခြင်း၊ အလုပ်သမားများအနေဖြင့်လည်း အလုပ်ရှင်၏ အပြစ်ပေး၊ အရေးယူမှု မရှိခဲ့ခြင်း၊ All Super ၊ Super နှင့် Leader ရာထူးဝန်ထမ်းများဖြစ်၍ လုပ်ငန်းအတွေ့အကြုံရင့်ကျက်သော အလုပ်သမားများဖြစ်ခြင်းနှင့် အလုပ်ရှင်ကလည်း အလုပ်သမားများအား အလုပ်ပြန်လည်

ခန့်ထားပေးလိုခြင်းတို့ကြောင့် မူလနေရာ၊ မူလရာထူး၊ မူလလစာတို့ဖြင့် အလုပ်ပြန်လည် ဝင်ရောက်လုပ်ကိုင်သင့်ကြောင်း သုံးသပ်ရရှိပါသည်။

၉။ အလုပ်ရှင်သည် စက်ရုံယာယီပိတ်ထားသည့်ကာလအတွင်း သက်ကြီးနှစ်ပိုအဖြစ် တစ်ဦးလျှင်ငွေ ကျပ် ၄၈,၀၀၀/- စီပေးခဲ့သော်လည်း ယာယီပိတ်ထားစဉ်ကာလအတွင်း အလုပ်သမားများအနေဖြင့် စားဝတ်နေရေးခက်ခဲမှုရှိခြင်းကြောင့် ကြားကာလနစ်နာကြေးအဖြစ် အလုပ်သမားတစ်ဦးလျှင် တစ်ပြေးညီ OT မပါ နောက်ဆုံးထုတ်လစာ တစ်လစာရသင့်ကြောင်း သုံးသပ်ရရှိသဖြင့် အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက် ။ (က) တောင်းဆိုသူ အလုပ်သမား ဒေါ်သင်းသင်းနုပါ (၅)ဦးအား မူလနေရာ၊မူလရာထူး၊ မူလလစာတို့ဖြင့် ဆုံးဖြတ်ချက်ချသည့် နေ့ရက်မှ (၇)ရက်အတွင်း အလုပ်ပြန်လည်ခန့်ထားရန် ဆုံးဖြတ်သည်။

(ခ) ကြားကာလနစ်နာကြေးအား OT မပါ နောက်ဆုံးထုတ်လစာဖြင့် အောက်ပါအတိုင်း ထုတ်ပေးရန် ဆုံးဖြတ်လိုက်သည်။

| စဉ် | အမည် | ရာထူး | ကြားကာလနစ်နာကြေး |
|---|---|---|---|
| ၁။ | ဒေါ်သင်းသင်းနု | All Super | ၃၁၀,၁၂၆ |
| ၂။ | ဒေါ်မိုးမိုးအောင် | Super | ၂၀၃,၉၇၆ |
| ၃။ | ဒေါ်ခင်မိုးအေး | Super | ၂၂၁,၁၉၀ |
| ၄။ | ဒေါ်အေးအေးအောင် | Leader | ၁၉၆,၇၁၂ |
| ၅။ | ဒေါ်ညိုညိုငွေ | Leader | ၁၈၀,၁၂၆ |

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၀။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူ တစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | | |
|---|---|---|---|
| (ဇင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | | (ကျော်ရီဦး)<br>အဖွဲ့ဝင် |
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ဇေယျ)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (ကျင်သိန်း)<br>အဖွဲ့ဝင် |